H ကလေးမွေးဖွားခြင်း၊ကလေးပြုစုပျိုးထောင်ခြင်း ထိပ်သို့

# 5 ကလေးပြုစုပျိုးထောင်ခြင်း

## 5-3 အခြား

### (1) အချိန်အတိုင်းအတာ တစ်ခုအတွင်းကလေးကြည့်ရှုစောင့်ရှောက်ခြင်း

အချိန်အတိုင်းအတာတစ်ခုအတွင်းကလေးကြည့်ရှုစောင့်ရှောက်ခြင်းဆိုသည်မှာ တစ်ပတ်တွင်တစ်ရက်မှသုံးရက်အထိ ဆက်တိုက်အလုပ်ဆင်းခြင်း၊ နေထိုင်မကောင်းခြင်း၊ ကလေးမွေးဖွားခြင်းစသည်တို့ကြောင့်ဆေးရုံတက်ခြင်း၊ ပြုစုစောင့်ရှောက်ခြင်းများကြောင့် အချိန်အတိုင်းအတာတစ်ခုအတွင်း အိမ်တွင် ကြည့်ရှုစောင့်ရှောက်ရန် ခက်ခဲသောအခါတွင် ကလေးအား နေ့ကလေးထိန်း ဌာန (ကျောင်း)မှလက်ခံကြည့်ရှုပေးသောစနစ်ဖြစ်သည်။ အခကြေးငွေမှာ မြို့နယ်အလိုက်ကွာခြားမှုရှိသည်။

### (2) မိသားစုကူညီထောက်ပံ့ရေးဌာန

ကလေးပြုစုပျိုးထောင်ခြင်းတွင်အကူအညီလိုအပ်သောသူနှင့်ကလေးပြုစုပျိုးထောင်ခြင်းအား အကူအညီပေးလိုသောသူများက အဖွဲ့ဝင်အဖြစ်ကလေးပြုစုပျိုးထောင်ခြင်းကို ကူညီရိုင်းပင်းသောစနစ်ဖြစ်သည်။ မြို့နယ်မှတည်ထောင်၍ စီမံအုပ်ချုပ်သည်။ ဆေးရုံသွားခြင်း၊ပြုစုစောင့်ရှောက်ခြင်း၊ အားသစ်လောင်းခြင်းများပြုလုပ်ချင်သောအခါတွင် အချိန်အတိုင်း အတာတစ်ခုအတွင်းလက်ခံ၍ ကြည့်ရှုစောင့်ရှောက်ခြင်းကိုခံယူနိုင်သည်။တစ်နာရီ ယန်း၅၀၀၀မှ ၁၀၀၀ ခန့်သော အခကြေးငွေဖြင့် (မြို့နယ်အလိုက်ကွာခြားမှုရှိသည်။) လက်ခံကြည့်ရှုပေးသည်။ အပ်နှံလိုသောအချိန်တွင်အသုံးပြုနိုင်ခြင်းမှာအဆင်ပြေသည်။ အသုံးပြုလိုပါကကြိုတင်၍ အဖွဲ့ဝင်ထားခြင်း စသည်တို့ပြုလုပ်ထားရန်လိုအပ်သည်။ အသေးစိပ်အားမြို့နယ်ရုံးတွင်စုံစမ်းမေးမြန်းပါ။